ဓမင်းဆိပ်လေးကျေးရွာ

ရေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဓမင်းဆိပ်လေးကျေးရွာ၊ ရေးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဧန်နဝါရီလ

Scanned by CamScanner

မာတိကာ

စကားချီး

ဓမ္မင်းဆိပ်လေးကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

Scanned by CamScanner

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော နိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ

Scanned by CamScanner

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

၈နိုဝင်ဘာ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဓမင်းဆိပ်လေးကျေးရွာ

ရေးမြို့နယ်

Scanned by CamScanner



Scanned by CamScanner

အပိုင်း (က)

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

Scanned by CamScanner

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မောင်းဆိပ်လေးကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၏ **အစင်စံပြကျေးရွာ**အုပ်စုတွင်တည်ရှိပါသည်။ ရေးမြို့၏အနောက်ဘက်၊ ရေးမြို့မှ ပင်လယ်ဝကမ်းခြေသို့သွားသော ကားလမ်းမကြီးပေါ်တွင်တည်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်နှင့် အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်ပြင်နှင့် အရှေ့တောင်ဘက်မှ မြောက်ဘက်ထိကွေ့ဝိုက်သွယ်စီးနေသော ရေငန်ချောင်းတို့အလယ်တွင်တည်ရှိပြီး ပင်လယ်ကမ်းခြေရွာဖြစ်သောကြောင့် မိုးရာသီတွင် မိုးသက်လေပြင်းများကျရောက်ခြင်း၊ မုန်တိုင်းဒဏ် အနည်းငယ်ခံစားရခြင်း၊ သဲသောင်ကမ်းပါးများပျက်စီးတက်ခြင်း အန္တရာယ်တွေနဲ့ ရင်ဆိုင်ခံစားကြရပါသည်။ ကျေးရွာတွင် မွန်/ဗမာအများစု နေထိုင်ကြသောကျေးရွာလေးဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ သမုဒ္ဒိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။ **ကျေးရွာသည် ပင်လယ်ကမ်းခြေတွင်တည်ရှိသောကြောင့် ပင်လယ်ပြင်မှ သဘာဝတီရစ္ဆာန်မျိုးစိတ် (ငါး၊ပုစွန်)များရရှိပါသည်။ သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များရှားပါးပါသည်။ ကျေးရွာ၏မြေဆီလွှာ အရည်အသွေးမှာ အသင့်သင့်ပဲရှိပါသည်။**

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့(ကျား-၉ဦး)နှင့် အုပ်ချုပ်ရေးအဖွဲ့(ကျား-၉ဦး)တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ကာလသား/သမီးအဖွဲ့ (ကျား-၇ဦး၊မ-၈ဦး)သည် ဘာသာရေးနှင့် သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေးတို့တွင်အားတက်သရော စုပေါင်းဆောင်ရွက်ကြပါသည်။ ဂေါပကအဖွဲ့(ကျား-၇ဦး)သည် ဘာသာရေးပွဲများတွင် ပါဝင်လုပ်ဆောင်ကြပါသည်။ အမျိုးသမီးအဖွဲ့(မ-၇ဦး)သည် ကျေးရွာ၏ **ဘာသာရေးအခမ်းအနားများ၊ သာရေးနာရေးအခမ်းအနားများတွင် ဆောင်ရွက်ပေးပါသည်။** မီးဘေးစီမံချက်များ၊ ကျေးရွာလုံခြုံရေးစီမံချက်များ ညွှန်ကြားလာပါက ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ယခုလက်ရှိတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(ကျား-၁၀ဦး၊မ-၃ဦး)ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ပူးပေါင်း၍ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ပြုလုပ်ရန် ဆောင်ရွက်နေပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းအားလုံးသည် ကျေးရွာ၏ ပညာရေး၊ လူမှုရေး၊ ဘာသာရေးနှင့် အခြားသောလုပ်ငန်းများတွင်လည်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညွတ်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြ

Scanned by CamScanner

ပါသည်။ ဓမင်းဆိပ်လေးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ရွာတွင်းအဖွဲ့အစည်းများစွာရှိပြီး အဓိကကျသောအဖွဲ့များသာဖော်ပြထားပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဓမင်းဆိပ်လေးကျေးရွာသည် ပင်လယ်ရေငန်ချောင်းနှင့်နီးကပ်ပြီး စိုက်ပျိုးရန်ရေအရင်းအမြစ်လုံလောက်မှုမရှိသောကြောင့် စပါးကိုမိုးရာသီတွင်သာ အဓိကစိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေများသည်လည်း သဲမြေများဖြစ်သောကြောင့် တခြားသီနှံများကို စိုက်ပျိုးရာတွင် အခက်အခဲရှိ၍ စိုက်ပျိုးရေလုံလောက်ခြင်းမရှိသည့်အတွက် သီဟိုဠ်ပင်နှင့် အုန်းပင်များသာစိုက်ပျိုးကြပါသည်။ လယ်ယာစိုက်ပျိုးမှုများတွင် နည်းပညာအားနည်းခြင်း၊ မြေဆီလွှာကောင်းမွန်မှုမရှိခြင်းတို့ကြောင့် သီးနှံအထွက်တိုးနှုန်းနည်းပါးပြီး ထွက်ရှိသောသီးနှံများကိုလည်းဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်ခြင်းမရှိပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်ထောင်စု (၉) အိမ်မှ ဝက် (၃၁) ကောင်၊ အိမ်ထောင်စု (၄၂) အိမ်မှ ကြက် (၁၁၄၅) ကောင်၊ အိမ်ထောင်စု (၂၄) အိမ်မှ ဘဲ (၄၂၉) ကောင်၊ အိမ်ထောင်စု (၁) အိမ်မှ ဆိတ် (၄) ကောင်၊ စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

ဓမင်းဆိပ်လေးကျေးရွာတွင် အသားတိုးကြက်မွေးသူအိမ်ထောင်စုတို့သည် တပိုင်တနိုင်မွေးမြူကြပြီး ဈေးနှုန်းတည်ငြိမ်မှုမရှိသောကြောင့် ထင်သလောက်အကျိုးအမြတ်မရရှိပါ။ အစာနှင့်ဆေးဝါးများမှာဈေးကြီးပြီး နွေရာသီတွင်ရေရှားပါးပြတ်လတ်ခြင်းနှင့် ရောဂါပိုးကြရောက်ခြင်းတို့နှင့်ရင်ဆိုင်ကြုံတွေ့ရတဲ့အခါ ဆုံးရှုံးမှုများစွာရှိပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့်နည်းပညာများနှင့် ငွေကြေးအထောက်အပံ့များရရှိပါက မွေးမြူရေးလုပ်ငန်းကိုစီးပွားဖြစ်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဓမင်းဆိပ်လေးကျေးရွာသည် ပင်လယ်ကမ်းခြေရွာဖြစ်သောကြောင့် ကမ်းခြေတွင်ဈေးဆိုင်များရှိသော်လည်း ကျေးရွာမှ ဈေးဆိုင်အနည်းငယ်သာရှိပြီး အခြားမှလာရောက်၍ဖွင့်လှစ်ထားသောဆိုင်များရှိပါသည်။ ဆိုင်ကယ်ကယ်ရီမောင်းနှင်ခြင်း၊ လက်သမားလုပ်ငန်း၊ ရေလုပ်သားလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ၊ ခေါင်းရွက်ဖြတ်ထိုးဈေးသည်များ၊ စက်ချုပ်ဆိုင်ဖွင့်ခြင်း၊ ကားမောင်းခြင်းစသည့် လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ ကျေးရွာသည် ပင်လယ်နှင့်နီးသောကြောင့် အဘော်ကျားတန်းကျေးရွာမှ ရေလုပ်ငန်းရှင်များထံလခစားလုပ်ကိုင်သူများလည်းရှိပါသည်။ ကျေးရွာတွင်စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော

Scanned by CamScanner

အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ ဓမင်းဆိပ်လေးကျေးရွာ သည် အိမ်ခြေ(၈၀)ကျော်ရှိသည့်အလျောက် အလုပ်အကိုင်အခွင့်အလမ်းများမှာလည်း အနည်းငယ်သာရှိသောကြောင့် အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို သင်တန်းများပို့ချပေးရန်လိုအပ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဓမင်းဆိပ်လေးကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာတွင် တောင်သူလယ်သမားများအတွက်(၁)ကေလျှင် (၁၅၀၀၀၀)ကျပ်နှုန်းအဖြစ် မိုးစပါးစိုက်ပျိုးသော လယ်သမားများအတွက် ချေးငွေရရှိပါသည်။ သမဝါယမဦးစီးဌာနမှ အိမ်ထောင်စုတစ်စုလျှင်(၁၀၀၀၀၀)ကျပ်ကို အတိုးနှုန်း(၂%)ဖြင့်ချေးငွေများရရှိပါသည်။ (LOLC) ချေးငွေဝန်ဆောင်မှုအဖွဲ့မှလည်း အိမ်ထောင်စုတစ်စုလျှင် (၃၀၀၀၀၀)/(၄၀၀၀၀၀) ကျပ်တို့ကိုအတိုးနှုန်း(၂%)ဖြင့် အရစ်ကျချေးပေး၍(၁)နှစ်ပြည့်လျှင်ပြန်ဆပ်ရသည်။ တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းပါးနေကြပါသည်။ ကျေးရွာအတွင်းရှိငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၁၀ မှ ၂၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဓမင်းဆိပ်လေးကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်း လုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင်စက်လှေ (၃)စီး၊ စက်ဘီး (၁၀) စီး၊ မော်တော်ဆိုင်ကယ် (၅၁) စီး၊ သုံးဘီးဆိုင်ကယ် (၂) စီး၊ ကား (၃) စီး စသည်ဖြင့်သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်း (၃) လမ်း၊ကတ္တရာလမ်း(၁)လမ်းနှင့် ကျေးရွာချင်းဆက်မြေသားလမ်း (၁)လမ်း၊ကတ္တရာလမ်း(၁)လမ်း၊ ကွန်ကရစ်လမ်း(၁)လမ်း တို့ရှိပါသည်။ ကျေးရွာချင်းဆက်ကွန်ကရစ်တံတား(၁) စင်းလည်းတည်ရှိပါသည်။ ဓမင်းဆိပ်လေးကျေးရွာသည် အစင်သို့သွားသောကတ္တရာလမ်း ၊ဓမင်းဆိပ်ကြီးကျေးရွာသို့သွားသော ကွန်ကရစ်လမ်းနှင့် စီးဖြူသောင်ကျေးရွာသို့သွားသော မြေနီလမ်းတို့ဖြင့် သယ်ယူပို့ခြင်းများကိုပြုလုပ်နေကြပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် နွေရာသီတွင်

Scanned by CamScanner

ဖုန်ထူပြီး မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်သောကြောင့် လမ်းများသပ်ရပ်မှုမရှိပေ။ကျေးရွာချင်းဆက်လမ်းဖြစ်သော ခီးဖြူသောင်ကျေးရွာသို့သွားသော လမ်းသည်လည်းတာပေါ်တွင် မြေသားခင်းထားသောကြောင့် နွေအခါတွင် ဖုန်မှုန့်များနှင့် မိုးအခါတွင် ချိုင့်ခွက်နှင့် ဗွက်ထခြင်းတို့ကြောင့် ကူးသန်းသွားလာမှုခက်ခဲပါသည်။ထို့ကြောင့် ကျေးရွာမှ တစ်နှစ်လျှင်(၂)ကြိမ်ခန့် ပြုပြင်ဆောင်ရွက်နေကြရပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ဓမင်းဆိပ်လေးကျေးရွာတွင် မဟာဓါတ်အားလိုင်းမရှိသည့်အတွက် ရေးမြို့နယ်တွင် အကြီးစားဒီဇယ်အင်ဂျင်ဖြစ်သော မြတ်သူရကုမ္ပဏီ(ဦးကုလားကြီး)မီးကို အဓိကထားအသုံးပြုနေကြပါသည်။ ဒီဇယ်သုံးအင်ဂျင်ဖြင့်(၁)ယူနစ်ကို(၅၅၀)ကျပ်ပေး ဆောင်ရသော လျှပ်စစ်မီးကိုအသုံးပြုနေရပါသည်။ ဆိုလာမီးအသုံးပြုနေသူများလည်းရှိ သည့်အပြင် ဖယောင်းတိုင်မီးများ၊ မီးခွက်များအသုံးပြုနေရသော အိမ်ထောင်စုများလည်းရှိ ပါသည်။

ကျေးရွာတွင် ဦးကုလားကြီးမီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၅၈)စုရှိပြီး၊ ဆိုလာစနစ်အသုံးပြုသည့်အိမ်ထောင်စု(၆)စု၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု (၁၅)စုရှိပါသည်။ မီးတာခဈေးကြီးသော်လည်း မီးပုံမှန်လာခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာနှင့် ကျောင်းသား များ စာကြည့်ရာတွင်လည်း အခက်အခဲမရှိပါ။ လျှပ်စစ်မီးလုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စုမရှိပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဓမင်းဆိပ်လေးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၁၀၂)လုံး၊ တီဗွီ (၅၄)လုံး၊ ဂြိုလ်တုစလောင်း (၅၁)လုံး စသည်တို့မှရရှိသည့်အပြင် ကျေးရွာနှင့်အနီးဆုံးတွင် MPT, Telenor, Ooredoo, Mytel စသော ဖုန်းတာဝါတိုင်များလည်းရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၆။ ပညာရေး

ဓမင်းဆိပ်လေးကျေးရွာတွင် ကျောင်းသားဦးရေအနည်ငယ်သာရှိသောကြောင့် မူလတန်းကျောင်း(၁)ကျောင်းသာရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့်ကို အစင်ကျေးရွာအထက်တန်းကျောင်းသို့ ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/ကျောင်းသူများလည်း အနည်းငယ်ရှိပါသည်။ ဓမင်းဆိပ်လေးကျေးရွာတွင် ရပ်ဝေးမှ တာဝန်ထမ်းဆောင်နေသော ဆရာ/ဆရာမများသည် ဝန်ထမ်းဆောင်မရှိသည့်အတွက် ကျေးရွာတွင်းလူနည်းသည့် အိမ်များတွင် နေထိုင်ကြရပါသည်။

Scanned by CamScanner

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၀) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၅၁) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၂.၅) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၁၇.၅) ရာခိုင်နှုန်းတို့ ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဓမင်းဆိပ်လေးကျေးရွာတွင် အစင်ကျေးလက်ကျန်းမာရေးဌာနမှ လစဉ်လတိုင်း ကျေးရွာအထိလိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ အရေးပေါ်လူနာနှင့်ကိုယ်ဝန်ဆောင်များသည် အစင်ကျေးလက်ဆေးပေးခန်းသို့သွားရောက် ကုသမှုခံယူကြရပါသည်။ ရေးမြို့နှင့်နီးပြီး အလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် ရေးမြို့နယ် ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် အခက်အခဲများမရှိပေ။ ယခင်က ဌက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ IOM အဖွဲ့အစည်းမှ ကျန်းမာရေးအသိပညာပေးခြင်းများ လာရောက်ပြုလုပ်ဖူးပါသည်။ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများဝေငှပေးခြင်း၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးတိုက်ကျွေး ခြင်းတို့ကိုလည်းပြုလုပ်ပေးပါသည်။ မိုးရာသီတွင် ကလေးများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ တီဗီရောဂါ၊ ဆီးချိုနှင့် သွေးတိုးရောဂါဖြစ်ပွားသည့် လူနာအနည်းငယ်သာရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများနှင့် အစင်ကျေးရွာမှ ရေပိုက်သွယ်တန်းပြီး အသုံးပြုကြပါသည်။ လက်တူးတွင်းများမှာ နွေရာသီ တပေါင်းလ၊ တန်ခူးလတို့တွင် ရေလုံလောက်မှုမရှိသောကြောင့် ဝယ်ယူအသုံးပြုကြရပါသည်။ ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေအရည်အသွေးစစ်ဆေးခြင်းများ ပြုလုပ်ရန်လိုအပ်ပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စုအများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာအနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် အိမ်သာအသုံးမပြုကြသည့် အိမ်ထောင်စုအနည်းငယ်လည်းရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဓမင်းဆိပ်လေးကျေးရွာသည် ပင်လယ်ကမ်းခြေရွာဖြစ်သော်လည်း ကြီးမားသောဘေးအန္တရာယ်များကို မကြုံဖူးခဲ့ဘူးပါ။ တခါတရံ မိုးသက်လေပြင်းနှင့် မုန်တိုင်းငယ်တို့ကြောင့် အနည်းငယ်ထိခိုက်မှုများသာရှိပြီး ရွာ၏အနောက်ဘက် ကမ်းခြေတို့တွင် မိုးရာ

Scanned by CamScanner

သီတွင် ရေတိုက်စားပြိုပျက်ခြင်းအနည်းငယ်ခံစားရပြီး နွေရာသီတို့တွင် ပြန်လည်ပြည့်တင်းခြင်းကိုလည်းဖြစ်ပေါ်လာပါသည်။ ကျေးရွာ၏အနောက်ဘက် ကမ်းခြေသဲသောင်ပြင်မှသဲများကို တဖက်ရွာတို့မှလာရောက်ယူဆောင် အသုံးပြုခြင်းများလည်းရှိပါသည်။ ထိုသို့ယူဆောင်အသုံးပြုခြင်းတို့ကြောင့် သဲမြေကမ်းပါးများပျက်စီးခြင်း အနည်းငယ်ခံစားရသောကြောင့် ယခုအခါတွင် အုပ်ချုပ်ရေးအဖွဲ့တို့မှ သဲများယူဆောင်ခြင်းကို ဝိတ်ပင်ထိန်းသိမ်းထားပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့်အတင့်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ကျေးရွာ၏ အနောက်ဘက်နှင့်တောင်ဘက်ရှိ ပင်လယ်ပြင်သို့ စက်လှေ၊ သင်္ဘောများဖြင့် မောင်းနှင်ပါက သဘာဝတီရစ္ဆာန်မျိုးစိတ် (ငါး၊ပုဇွန်)များရရှိပါသည်။ သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များရှားပါးပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဓမင်းဆိပ်လေးကျေးရွာတွင် နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်သောကြောင့် ဗုဒ္ဓတရားတော်နှင့် အညီကျင့်သုံးလိုက်နာကြသောကြောင့် အိမ်ထောင်ရေးအရပ်အရှင်းများကင်းဝေးကြပါသည်။ ကျား-မရေးရာကိစ္စရပ်များတွင်လည်း ကြီးမားသောပြဿနာများမရှိခဲ့ဘူးပါ။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

Scanned by CamScanner

๑	๒	๓	๔	๕	๖	๗	๘	๙
๑	๒	๓	๔	๕	๖	๗	๘	๙
๑	๒	๓	๔	๕	๖	๗	๘	๙
๑	๒	๓	๔	๕	๖	๗	๘	๙
๑	๒	๓	๔	๕	๖	๗	๘	๙
๑	๒	๓	๔	๕	๖	๗	๘	๙
๑	๒	๓	๔	๕	๖	๗	๘	๙
๑	๒	๓	๔	๕	๖	๗	๘	๙
๑	๒	๓	๔	๕	๖	๗	๘	๙

Scanned by CamScanner

(ఎ) క్రింది పట్టికను పరిశీలించి ఇవ్వబడిన ప్రశ్నలకు సమాధానములు వ్రాయుము:

క్రమ సంఖ్య	పేరు	తండ్రి పేరు	పుట్టిన తేదీ	వయస్సు	తరగతి	ఉత్తీర్ణత
౧	కుమార్	రాజు	౦౧/౦౪/౨౦౦౯	౧౫	౧౦	ఉత్తీర్ణుడు
౨	లక్ష్మి	రామయ్య	౧౨/౦౭/౨౦౧౦	౧౪	౯	ఉత్తీర్ణురాలు
౩	సీత	వెంకట్	౨౫/౧౧/౨౦౦౮	౧౬	౧౦	ఉత్తీర్ణురాలు
౪	రవి	సోమయ్య	౦౩/౦౨/౨౦౧౧	౧౩	౮	ఉత్తీర్ణుడు
౫	అనిల్	కృష్ణ	౧౮/౦౫/౨౦౦౯	౧౫	౧౦	ఉత్తీర్ణుడు
౬	పద్మ	నాగేశ్వర్	౨౯/౦౯/౨౦౧౨	౧౨	౭	ఉత్తీర్ణురాలు
౭	శివ	మల్లయ్య	౧౫/౦౧/౨౦౦౭	౧౭	౧౧	ఉత్తీర్ణుడు
౮	లత	రాఘవులు	౦౭/౧౨/౨౦౧౦	౧౪	౯	ఉత్తీర్ణురాలు
౯	మహేష్	సురేష్	౨౨/౦౬/౨౦౦౯	౧౫	౧౦	ఉత్తీర్ణుడు
౧౦	అనూష	వీరయ్య	౧౦/౦౩/౨౦౧౧	౧౩	౮	ఉత్తీర్ణురాలు
౧౧	రాజేష్	నాగరాజు	౦౫/౦౮/౨౦౦౮	౧౬	౧౦	ఉత్తీర్ణుడు
౧౨	దివ్య	సుబ్బారావు	౧౭/౧౧/౨౦౧౦	౧౪	౯	ఉత్తీర్ణురాలు
౧౩	వంశీ	ప్రసాద్	౨౪/౦౪/౨౦౦౭	౧౭	౧౧	ఉత్తీర్ణుడు
౧౪	సుధ	రామకృష్ణ	౦౯/౦౭/౨౦౧౨	౧౨	౭	ఉత్తీర్ణురాలు
౧౫	కిరణ్	ఆనంద్	౧౩/౧౦/౨౦౦౮	౧౬	౧౦	ఉత్తీర్ణుడు
౧౬	మీనా	లక్ష్మణ్	౨౬/౦౨/౨౦౧౧	౧౩	౮	ఉత్తీర్ణురాలు
౧౭	ఆకాష్	ఫణీంద్ర	౦౪/౦౫/౨౦౦౯	౧౫	౧౦	ఉత్తీర్ణుడు
౧౮	సంధ్య	వెంకటేశ్వర్లు	౧౮/౦౯/౨౦౧౨	౧౨	౭	ఉత్తీర్ణురాలు
౧౯	రాహుల్	సుధాకర్	౦౧/౦౧/౨౦౦౭	౧౭	౧౧	ఉత్తీర్ణుడు
౨౦	నిత్య	శ్రీనివాస్	౨౭/౧౨/౨౦౧౦	౧౪	౯	ఉత్తీర్ణురాలు
౨౧	అజయ్	కుమార్	౧౪/౦౬/౨౦౦౮	౧౬	౧౦	ఉత్తీర్ణుడు
౨౨	లావణ్య	మోహన్	౦౮/౧౦/౨౦౧౧	౧౩	౮	ఉత్తీర్ణురాలు

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဖေးများ

(ခ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဖေး (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၅	၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၄	၁၂	၂၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၈	၂၅	၄၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၂	၂၀	၄၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၀	၁၂၅	၂၄၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၇	၁၃	၂၀
စုစုပေါင်း		၁၈၃	၂၀၀	၃၈၃
စုစုပေါင်း အိမ်ထောင်စု		၈၀		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုအွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ဓမင်းဆိပ်လေးကျေးရွာသည် အိမ်ထောင်စု (၈၀) စု၊ လူဦးရေ (၃၈၃) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၈၃%)၊ မူလတန်းကျောင်းသားအရွယ် (၁၁.၂၃%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၀.၉၇%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၆၃.၉၆%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၂၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၆.၀၄)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၂၀) ဦး၊ မ (၁၂၅) ဦး စုစုပေါင်း (၂၄၅) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၃.၉၆)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေသည်ကျေးရွာစုစုပေါင်းလူဦးရေ၏ လေးပုံသုံးခန့်ရှိသဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအထောက်အကူပြုပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဖေး (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၈	၇	-	မြင့် □ လတ်✓ နိမ့် □

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၇	၇	-	မြင့် □ လတ်□ နိမ့် ✓
	တိရစ္ဆာန် မွေးမြူရေး				
၂	ကိုယ်ပိုင် လုပ်ငန်း	၈	၁၄	-	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂	၃	-	မြင့် □ လတ်□ နိမ့် ✓
	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
၃	ကိုယ်ပိုင် လုပ်ငန်း	၅	၅	-	မြင့် ✓ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀	-	မြင့် □ လတ်✓ နိမ့် □
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၅	၅	-	မြင့် □ လတ်□ နိမ့် ✓
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	လက်လီ- လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း	၈	၁၂	-	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့် □ လတ်□ နိမ့် ✓
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၁၂	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	?	?	-	မြင့် □ လတ်□ နိမ့် □
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၂	၂	-	မြင့် □ လတ်□ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် □ လတ်□ နိမ့် □
၁၄	ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း: (ဘဏ် နှင့် ငွေကြေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် □ လတ်□ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် □ လတ်□ နိမ့် □
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၄	၄	-	မြင့် □ လတ်✓ နိမ့် □
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၁	၁	-	မြင့် □ လတ်✓ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် □ လတ်□ နိမ့် □
၂၀	အိမ်များတွင် အတွားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၃၇	၆၃	-	☒
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း:				☒

ရှင်းခြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ

Scanned by CamScanner

များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဓမင်းဆိပ်လေးကျေးရွာတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းတို့တွင် လုပ်ကိုင်နေသော အိမ်ထောင်စုအနည်းငယ်နှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖွင့်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ စက်ချုပ်ဆိုင်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ ကား၊ ဆိုင်ကယ်၊ ထော်လာကျီ မောင်း၍ ခရီးသယ်များပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ် ထောင်စုများလည်းရှိပြီး တစ်ပိုင်တစ်နိုင်အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူများလည်းရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၇၀၀၀	-	၆၀၀၀	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	-	၇၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၄၀၀၀	၄၀၀၀	၃၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	၃၀၀၀	-	၂၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၁၅၀၀	-	၁၀၀၀	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ဓမင်းဆိပ်လေးကျေးရွာတွင်လုပ်ငန်းတစ်ခုချင်းဆီအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အား

Scanned by CamScanner

နိုက်လုပ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခပမာဏကိုမသိရှိပါ။ ကမ်းဝေးငါးဖမ်းလုပ်သားများသည် ရေလုပ်ငန်းရှင်များထံတွင် နှစ်အလိုက်စာချုပ်ပြီး ပင်လယ်ပြင်တွင် လနှင့်ချီ၍လုပ်ကိုင်ကြရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) နိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ နိုက်ပျိုးမြေ ဝိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၇.၅	ကောင်း ☐	သင့် ✓	ညံ့ ☐
ယာမြေ / ထောင်ယာမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၈	ကောင်း ☐	သင့် ✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
နေထောင်မြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၃	ကောင်း ☐	သင့် ☐	ညံ့ ✓
စုစုပေါင်း	၆၀.၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမ်းခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော နိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဓမင်းဆိပ်လေးကျေးရွာတွင် လယ် (၄၇.၅) ဧကနှင့် ဥယျာဉ်ခြံမြေ (၈) ဧက ရှိပြီးမြေဆီလွှာအရည်အသွေး အသင့်သင့်ပဲရှိပါသည်။ ချောင်းရေ၊ စိမ့်စမ်းရေသို့မှအနည်းအကျဉ်းရရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐

Scanned by CamScanner

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
(နွားစာ၊ဆေးဘက်ဝင်အပင်များ)		
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့် □ နည်း □ မရှိ ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အတွေ့တွေ့အုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ခမင်းဆိပ်လေးကျေးရွာ၏ အနောက်တောင်ဘက်ရှိ ပင်လယ်ပြင်သို့ (၅)နာရီကြာမောင်းနှင်ပါက သဘာဝတိရစ္ဆာန်မျိုးစိတ် (ငါး၊ပုဇွန်) များရရှိပါသည်။ ပင်လယ် ကမ်းခြေရှာဖြစ်သောကြောင့် သဲမြေများအလွယ်တကူရရှိနိုင်ပါသည်။သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များရှားပါးသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	-	-	-	-
အိမ်အခြေအနေ	တိုက်အိမ် သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ	သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ အုတ်ညှပ်	ဝါးအိမ်၊ ဖက်မိုး၊ဖက်ကာ	ဖက်မိုး၊ ဖက်ကာ၊ ဝါးအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	လှေ/သမ္ဘာန်၊ကား၊ ဆိုင်ကယ်	ဆိုင်ကယ်/သုံးဘီး ဆိုင်ကယ်/ ထော်လာကျီ	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	ဈေးဆိုင်ကြီး၊	ဈေးဆိုင်	ငါးဖမ်းလုပ်ငန်း	ကျပန်း
အိမ်ထောင်စု	၈	၄၀	၃၀	၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ခမင်းဆိပ်လေးကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ် သာရှိပြီး အဓိကလုပ်ငန်းမှာ ဈေးဆိုင်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ အလည်အလတ်ရှိသော အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် စီးပွားဖြစ်လုပ်ငန်းလုပ်ကိုင်ကြပြီး မပြေလည်သော အိမ်ထောင်စုများ နှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် ငွေကြေးပြေလည်သော လုပ်ငန်းရှင်များထံသို့သွားရောက်၍ ကြုံရာကျပန်း လုပ်ရင်းအသက်မွေး ဝမ်းကြောင်း ပြုကြရပါသည်။

Scanned by CamScanner

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဥပမာ- (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

.....

.....

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဥပမာ- (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-

Scanned by CamScanner

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၃		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဓမင်းဆိပ်လေးကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲ သည့် အိမ်ထောင်စုများမရှိပါ အများစုသည် ရပ်ဆွေရပ်မျိုးဖြစ်နေကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။အလုပ်အကိုင်အခွင့်အလမ်း နည်းပါး ခြင်းကြောင့် ဝမ်းစာဖူလုံမှုများအတွက် ပြောင်းရွှေ့လုပ်ကိုင်စားသောက်ကြရသော မိသားစုများ လည်းအနည်းငယ်ရှိကြပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့်

Scanned by CamScanner

အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ တိရိစ္ဆာန်များ ရောဂါကျရောက်ခြင်းမရှိပါ။ ဝါဆိုဝါခေါင်လတို့တွင် ရေကြီးရေလျှံခြင်းမျိုး အနည်းငယ်ခံစားကြရပါသည်။ ဆားငန်ရေဝင်ရောက်ပြီး ပျက်စီးဆုံးရှုံးမှုများအနည်းငယ်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ်☐	နိမ့်☐	မရှိ ✓
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဓမင်းဆိပ်လေးကျေးရွာတွင် တောင်သူငယ်၊ လက်လုပ်လက်စား ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့်အတင့်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ရွှေပြောင်း လုပ်သားများမှာ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်း နည်းပါးခြင်း၊ အသက်မွေးမှု နည်းပညာ အားနည်းခြင်းတို့ကြောင့် ရွှေပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စုများရခြင်းဖြစ်သည်။

Scanned by CamScanner

ငှင်းတို့သည် အခြားသောအန္တရာယ်ကြုံတွေ့ပါက ထိခိုက် သက်ရောက်မှု နည်းပါးပါသည်။
ကားမောင်း၍ အသက်မွေးမှုပြုကြသည့် အိမ်ထောင်စုများသည် ထိခိုက်သက်ရောက်မှုနိမ့် ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနှည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☐ ၂✓ ၃☐	၉	-	၉	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐
၂	ရပ်မိရပ်ဖ	၁☐ ၂✓ ၃☐	၉	-	၉	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐
၃	ကာလသား ကာလသမီး	၁☐ ၂✓ ၃☐	၇	၈	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၄	ဂေါပက	၁☐ ၂☐ ၃✓	၇	-	-	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၅	အမျိုးသမီး	၁☐ ၂✓ ၃☐		၇	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၆	ကျေးရွာဖွံ့	၁☐ ၂✓ ၃☐	၁၀	၃	၁၃	ပညာရေး ☐ ငွေကြေး ☐	ကောင်း ✓

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
	ဖြိုးရေးကော်မတီ					ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး □	သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ဓမင်းဆိပ်လေးကျေးရွာ၏ စီမံအုပ်ချုပ်သူမှာ အမျိုးသားဖြစ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ အဖွဲ့များအားလုံးစုပေါင်း၍ ကျန်းမာရေးနှင့်ပတ်သတ်၍ မြို့နယ်မှ ကွင်းဆင်းဆောင်ရွက်သည့် ကိစ္စများအား လိုက်ပါဆောင်ရွက်ပေးကြပါသည်။ ကာလသား/ကာလသမီးအဖွဲ့၊ ဂေါပကအဖွဲ့နှင့် အမျိုးသမီးအဖွဲ့တို့သည် ကျေးရွာ၏ သာရေး၊ နာရေးနှင့် အခြားသော ပရဟိတ လုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြပါသည်။ အခြားသောအဖွဲ့များနှင့် အတူတကွလိုက်ပါ ဆောင်ရွက်ကြပါသည်။ အဖွဲ့များအားလုံးသည် စည်းလုံးညီညာစွာဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသော်လည်း အသိပညာဗဟုသုတပိုင်းတွင် အားနည်းနေသောကြောင့် စာပေဟောပြောပွဲများနှင့် နည်းပညာဆိုင်ရာဟောပြော ပွဲများပြုလုပ်ပေးရန်လို အပ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	LOLC	၁□ ၂✓ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး ✓ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

Scanned by CamScanner

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂	BNK	၁□ ၂✓ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး ✓ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃	MAM	၁□ ၂✓ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး✓ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄	IOM	၁□ ၂✓ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး✓ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ဓမင်းဆိပ်လေးကျေးရွာတွင် ပြည်ပအဖွဲ့အစည်းများ ဖြစ်သောLOLC ငွေချေးအဖွဲ့မှလည်းကျေးရွာအတွင်း ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ (MAM, IOM)

Scanned by CamScanner

မှ ကျန်းမာရေးနှင့် ပတ်သက်သောအကူအညီများထောက်ပံ့ပေးပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၈၀	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဓမင်းဆိပ်လေးကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အသင့်သင့်ရှိပြီး နေ့စားကျပန်းနှင့် ပြည်ပတွင်သွားရောက်လုပ်ကိုင်နေကြပါသည်။ ၁၂.၅ ဧကအထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေနည်းပါးပြီး တောင်သူလတ်အရေအတွက် အသင့်သင့်သာရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

Scanned by CamScanner

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ခမင်းဆိပ်လေးကျေးရွာတွင် ပင်လယ်ကမ်းခြေနှင့် နီးသောကြောင့် ရေအရင်းအမြစ်ရရှိမှုနည်းပါးပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအား စု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
စပါး	၄၇.၅	တင်း	၂၅	၃၅	၃၀	နယုန်	ဝါခေါင်	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□
ကွမ်း သီး	၈	ပိဿာ	၁၅၀	၂၅၀	၂၀၀	ဝါဆို	ဝါခေါင်	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ခမင်းဆိပ်လေးကျေးရွာသည် လယ်ယာများတွင် မြေဩဇာ ကောင်းမွန်မှုမရှိခြင်းကြောင့် စပါးများစိုက်ပျိုးရာတွင် အထွက်တိုးမှုနည်းပါးပြီး ဥယျာဉ်ခြံများသည်လည်း သဲမြေများဖြစ်သောကြောင့် စီးပွားဖြစ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ စပါးစိုက်ပျိုးရာတွင်လည်း အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင်(၃၀)တင်းခန့်သာထွက်ရှိပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁	–	–	–
လက်တွန်းထွန်စက်	၂	–	–	–
အစေ့ချ ကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	၅	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	၁	–	—	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ခမင်းဆိပ်လေးကျေးရွာတွင် လယ်ယာသုံးပစ္စည်း လက်တွန်းထွန်စက်

Scanned by CamScanner

ဝိုင်ဆိုင်သူ (၂)ဦးသာလျှင်ရှိပြီး အဓွားဝန်ဆောင်မှုများဖြစ်အဖြစ်သာ ပြုလုပ်ကြပါသည်။ ရိတ်သိမ်းချိန်များတွင် လူအင်အားများဖြင့် ရိတ်သိမ်းကြပြီး ခြွေလှေ့စက်များကိုသာ ငှါးရမ်းလုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□ ကောင်း✓ သင့်တင့်မျှတ□ မဖြေဆိုပါ□
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ□ မဖြေဆိုပါ✓
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ □ အသင့်အတင့်ရှိ□ မဖြေဆိုပါ✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် □ ရသည် ✓ မဖြေဆိုပါ □
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် □ မဖြေဆိုပါ ✓
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်✓ မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်□ မဖြေဆိုပါ ✓
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □ သီးနှံများကို ရောင်းချနိုင်သည် □ မဖြေဆိုပါ ✓

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေးအတွက် အဆင်ပြေသော်လည်း အထွက်တိုးနည်းပါးပြီး အကျိုးအမြတ်နည်းပါးမှုတို့ကြောင့် ကောင်းမွန်စွာစိုက်ပျိုးသည့် လယ်သမားမရှိကြပါ။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

Scanned by CamScanner

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဥပမာ ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း ✓ ရာသီဥတုမမှန် □ မဖြေဆိုပါ □
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ □ လယ်ယာမြေဆုံးရှုံးမှုများသည် □ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် □ ပလပ်မြေများရှိသည် □ ပလပ်မြေအသင့်အတင့်ရှိသည် □ မဖြေဆိုပါ ✓
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် □ လုံးဝမရ □ မဖြေဆိုပါ ✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ □ မဖြေဆိုပါ ✓
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် □ လုံးဝမရ □ မဖြေဆိုပါ ✓
သဘာဝဗေဒဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ □ မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ □ မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ □ မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် □ လုံးဝမရ □ မဖြေဆိုပါ ✓
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ □ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ □ မဖြေဆိုပါ ✓
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ □ အသင့်အတင့်ကျ □ အနည်းငယ် □ မဖြေဆိုပါ ✓

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ဓမင်းဆိပ်လေးကျေးရွာတွင် ပုံစံ(၇)ရပြီးသား လယ်မြေများ ပိုင်ဆိုင်ထားသောကြောင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။သို့ရာတွင် နည်းပညာ ဝန်ဆောင်အားနည်းခြင်း၊ ဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်မှု မရှိခြင်းတို့ကြောင့် အကျိုး အမြတ်ခံစားနိုင်မှုနည်းပါးပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

